## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ဒုတိယအကြိမ်မြောက် ထိပ်သီးအစည်းအဝေး

# The 2nd Ethnic Armed Organizations Summit

*****

## ထုတ်ပြန်ကြေညာချက်

၁။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့၌ နေပြည်တော်တွင် ပြည်ထောင်စုအစိုးရနှင့်အတူ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ဒုတိယအကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ၂၀၁၆ ခုနှစ်၊ မတ်လ (၂၄) မှ (၂၆) အထိအောင်မြင်စွာကျင်းပပြီးစီးခဲ့ပါသည်။ ယင်း ထိပ်သီးအစည်းအဝေးသို့ ထိပ်သီးခေါင်းဆောင်များ၊ လေ့လာသူများ နှင့် နည်းပညာ အကြံပေးများ အပါအဝင် စုစုပေါင်း (၇၉) ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။

၂။ ယခုကဲ့သို့ (၃) ရက်တိုင်တိုင် ကျင်းပပြီးစီးခဲ့သော အစည်းအဝေးတွင် ပါဝင်တက်ရောက်လာကြသည့် ထိပ်သီးခေါင်းဆောင်များအနေဖြင့် NCA အကောင်အထည်ဖော်မှုအခြေအနေ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ခေါ်ယူကျင်းပနိုင်မှုအပါအဝင် JICM/JMC/UPDJC စုဖွဲ့မှု၊ အကောင်အထည်ဖော်မှုများ နှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရအဖွဲ့ သက်တမ်းကာလအတွင်း နိုင်ငံရေးဆွေးနွေးပွဲ ကို အစပျိုးနိုင်ခဲ့ခြင်းတို့အပေါ် ပြန်လည်သုံးသပ်ခဲ့ကြပါသည်။

၃။ ၂၀၁၆ ခုနှစ်၊ ဧပြီလဆန်းမှစ၍ တရားဝင်တာဝန်ထမ်းဆောင်မည့် အနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မှ ဦးဆောင်ဖွဲ့စည်းပေးထားသော နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် ဦးထင်ကျော် ဦးဆောင်မည့် အစိုးရသစ်ကို လည်းကောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းများကို အမြန်ဆုံး ဆက်လက် အကောင်အထည်ဖော်ရန် ရှေ့လုပ်ငန်းစဉ်အဖြစ် သဘာထားချမှတ်ထားခြင်းကိုလည်းကောင်း လှိုက်လှဲစွာ ကြိုဆိုပါသည်။ ပူးတွဲလုပ်ဆောင်သွားရမည့် မိမိတို့အနေဖြင့်လည်း "အရံသင့် ပြင်ဆင် စောင့်ဆိုင်း နေပါကြောင်း ထိပ်သီးအစည်းအဝေးကြီးက သဘောထားချမှတ်ပေးခဲ့ပါသည်။ နိုင်ငံတော် သမ္မတသစ်၏ တိုင်းပြည်သို့ မိန့်ကြားမည့် ပထမဆုံး နိုင်ငံတော်အခြေပြု မိန့်ခွန်းကြီးတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွက် အလားအလာကောင်းများ ပါဝင်လာမည်ဟုလည်း မိမိတို့မှ မျှော်လင့်ထားပါသည်။

၄။ အစိုးရအဖွဲ့သစ်လက်ထက်တွင် ကျင်းပမည့် ဒုတိယအကြိမ်မြောက် "ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ" သို့ ပါဝင်တက်ရောက်ရန် နှင့် နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်တွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစုများအားလုံး၏ ကိုယ်စားပြုမှုများလိုအပ်နေကြောင်း မိမိတို့မှနားလည်သဘော ပေါက်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအင်အားစုများအားလုံး အတူတကွ ပါဝင်ရေး/ကိုယ်စားပြုရေးသည် မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရမည့် ဦးစားပေးကိစ္စရပ်ဖြစ်ကြောင်း ထိပ်သီးအစည်းအဝေးက လမ်းညွှန်ချမှတ်ခဲ့ကြပါသည်။ ယင်းကိစ္စကို လတ်တလောအကောင်အထည် ဖော်သည့်အနေဖြင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထား သည့် နိုင်ငံရေးဆိုင်ရာညှိနှိုင်း ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation

- DPN) နှင့် ၂၀၁၆ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့တွင် ပဏာမတွေ့ဆုံဆွေးနွေးညှိနှိုင်းနိုင်ရန် Delegation for EAO Unity (DEU) ကိုလည်း ညီလာခံကြီးက ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ ပါသည်။ ယင်းတွေ့ဆုံပွဲမှ တိုင်းရင်းသားလက်နက် ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ညီညွတ်မှုကို ဆက်လက် ထိန်းသိမ်းပြီး ငြိမ်းချမ်းရေး လုပ်ငန်း စဉ်ကြီးတွင် အားလုံးအတူတကွ ပါဝင်လာနိုင်မည့်လမ်းစဖြစ်လိမ့်မည်ဟုလည်း မိမိတို့ ရိုးသားစွာ ယုံကြည် ပါသည်။

၅။ NCA ကို အကောင်အထည်ဖော်ခြင်းလုပ်ငန်းသည် နိုင်ငံရေးလမ်းပြမြေပုံအရ ပြည်ထောင်စု သဘောတူစာချုပ်ချုပ်ဆိုခြင်း နှင့် အကောင်အထည်ဖော်ခြင်းအထိ ဖြစ်သည်။ ဆက်လက်လုပ်ဆောင်သွားရမည့် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး သဘောတူညီချက်ရရှိသည်အထိ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအားလုံး အင်တိုက်အားတိုက် ညီညွတ်စွာ ပါဝင်ကြရန်လိုကြောင်း ထိပ်သီးအစည်းအဝေးက အလေးအနက် သုံးသပ်သည်။

၆။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံရေးအရ ဦးဆောင်မှုပေးနိုင်ရေးအတွက် **"တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (EAO Peace Process Steering Team - EAO PPST)"** ကိုလည်း ဤထိပ်သီးအစည်းအဝေးကြီးက ဖွဲ့စည်းပေးနိုင်ခဲ့ပါသည်။

၇။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအနေဖြင့် တိုင်းရင်းသားလူမျိုးများအားလုံး၏ နိုင်ငံရေး ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်သည်အထိ ကတိကဝတ်များကို စောင့်ထိန်းလျက် အစိုးရသစ်နှင့်လည်းကောင်း၊ တပ်မတော် နှင့်လည်းကောင်း ညှိနှိုင်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ရက်စွဲ ။ ။ ၂၀၁၆ ခုနှစ်၊ မတ်လ (၂၆) ရက်။

ဆက်သွယ်ရန် -

၁။ ဗိုလ်မှူးကြီး ခွန်ဥက္ကာ - ၀၈၁ ၉၅၀ ၂၁၅၈ (ထိုင်း)၊ ၀၉၂ ၅၉၂ ၅၈၇ ၄၃ (မြန်မာ)

၂။ Pu Zing Cung - ၀၉၇ ၀၉၁ ၃၈၀၇ (ထိုင်း)၊ ၀၉၉ ၇၅၀ ၀၃၈ ၈၁ (မြန်မာ)

၃။ ပဒိုစောကွယ်ထူးဝင်း - ၀၈၁ ၈၀၇ ၆၂၇၉ (ထိုင်း)၊ ၀၉၄ ၂၂၁ ၉၁၉ ၄၁ (မြန်မာ)